သျှမ်းတိုင်းရင်းသား အများစုသည် ထိုင်းနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ဩစတြေးလျနှင့် စင်္ကာပူတို့တွင် ရောက်ရှိနေကြပြီး ၎င်းတို့သည် ၂၀၁၀ ရွေးကောက်ပွဲအတွက် သက်ဆိုင်ရာသံရုံးမှတဆင့် မဲထည့်နိုင်ကြ သည်။

"ကျမတို့ သျှမ်းတိုင်းရင်းသားတွေဘက်ကနေပဲ ရပ်တည်သွားမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာအနိုင်ရဖို့အတွက်လည်း ဆုတောင်းရမှာပေါ့" ဟု ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ တက္ကသိုလ်တခုတွင် ပညာသင်နေသူတဦးက ပြောသည်။

လန်ဒန်မြို့တွင် ကျောင်းတက်နေသူတဦးကလည်း *"SNDP ကိုပဲ မဲထည့်ဖြစ်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့တဦးတယောက်ချင်းစီမဲထည့်တာက ပါတီအတွက်အပြောင်းအလဲဖြစ်သွားနိုင်တယ်။ပြီးတော့ SNDP ဆိုတာကကျနော်တို့သျှမ်းတွေကို ကိုယ်စားပြုနေတာလေ"* ဟု ဆိုသည်။

သျှမ်းသံတော်ဆင့် သတင်းဌာနမှ အယ်ဒီတာ ဦးခွန်စိုင်းက *"၁၉၉၀ တုန်းကတော့ မျှော်လင့်ချက်သိပ်ကြီးခဲ့ကြတယ်။ သျှမ်းပါတီနိုင်ပြီ၊ ပြည်နယ်အစိုးရတည်ထောင်လို့ရပြီ၊ နအဖစစ်တပ်တွေ ရုပ်သိမ်းဖို့ပဲရှိတော့တယ်ဆိုပြီး စိတ်အားထက်သန်ခဲ့ကြတာပေ့ါ။ အခုအချိန်မှာတော့ အဲဒီလိုမျိုးစိတ်အားထက်သန်အောင် ပြန်လုပ်ဖို့ဆိုရင် တော်တော်ကြီးကို ကြိုးစားယူရလိမ့်မယ်"* ဟု မှတ်ချက်ပေးသည်။

ယခုအခြေအနေသည် ပြည်သူများအနေဖြင့် နိုင်ငံရေးကို စိတ်မဝင်စားနိုင်ဘဲ မိမိတို့ စားဝတ်နေရေးဖြင့်သာ အာရုံများနေစေရန် နအဖအစိုးရက ဖန်တီးထားသည်ဟုလည်း ဦးခွန်စိုင်းက ဆိုသည်။

ရော၀တီ 26 July 2010

စစ်ရေး

တပ်မှထွက်ပြေးသူ နအဖ သျှမ်းစစ်သား SSA-S နှင့်ပူးပေါင်း

မိုင်းထားအခြေချစခန်းမှ နအဖစစ်သား တပ်မှထွက်ပြေးကာ ထိုင်း–မြန်မာနယ်စပ်အခြေစိုက် စဝ်ယွတ်စစ်လက်အောက်ခံလွယ်လမ်တောင်ပိုင်း SSA တပ်ဖွဲ့နှင့် ပူပေါင်းကြောင်း စုံစမ်းသိရှိရသည်။

"ဩဂုတ်လ ၄ ရက်နေ့က ရောက်လာတာ။ နာမည်က စိုင်းသန်းစိန် တဲ့။ MA-1 သေနတ် ၁ လက်၊ လက်ပစ်ဗုံး ၁ လုံး၊ ကျည်ကပ် ၃ ကပ်၊ M 14 မြေမြှုပ်မိုင်း ၁ လုံးပါလာတယ်" ဟု လွယ်လမ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောပြပါသည်။

တပ်ပြေးစိုင်းသန်းစိန်က *"တပ်ထဲမှာ တရားမျှတမှုမရှိဘူး။ တပ်မှူးကအနိုင်ကျင့်တယ်။တိုင်းရင်းသားဆိုရင်အလုပ်ပိုခိုင်းတယ်။ကင်းစောင့်တာဝန်မကျလဲ သူတို့အစား စောင့်ပေးရတယ်။ မစောင့်ပေးရင်နရင်းအုပ်တယ်။ အခုနားတစ်ဖက်ကောင်းကောင်း မကြားရတော့ဘူး"* ဟု ပြောပြပါသည်။

တာချီလိတ်အခြေစိုက် ခမရ ၅၂၉ မှ မိုင်းထားအခြေချတပ်စခန်း၌ ပအိုဝ်းအမျိုးသားစစ်သားတစ်ယောက်လည်း ထိုကဲ့သို့အနိုင်ကျင့်ခံနေရကြောင်း၊ မတ်လ၌ကွန်ဟိန်းသို့လိမ္မော်သီးသွားရောင်းစဉ်လမ်းတဝက်၌ နအဖစစ်သားများပေါ် တာဖမ်းသွားရာမှ အတင်းအဓမ္မ စစ်သားလုပ်ခိုင်းကြောင်းကို ၎င်းက ဤကဲ့သို့ဆက် ပြောပြ၏။

"ပြီးခဲ့တဲ့ လိမ္မော်သီးရာသီက ကွန်ဟိန်းဘက်သွားရောင်းရင်း ပေါ် တာဆွဲခံရတယ်။ နောက်တော့ပေးမပြန်တော့ဘဲ စစ်သားအဖြစ် အတင်းအကြပ်အကောက်ခံရတယ်။ သုံးလစစ်သင်တန်းတက်ပြီး မိုင်းတော–မိုင်းထားဘက် လာရောက်တာဝန်ထမ်းဆောင်ရတယ်"

အသက် ၂၆ နှစ်ရှိ စိုင်းသန်းစိန်သည် သျှမ်းပြည်တောင်ပိုင်း လဲချားဇာတိဖြစ်၏။ နအဖစစ်သားမဖြစ်မှီအထိ လိမ္မော်သီး ကုန်သည်ဖြစ်၏။

အမည်မဖော်လိုသည့် ထိုင်းနယ်စပ်လုံခြုံရေးအရာရှိတစ်ဦးက အဆိုပါဒေသမှ နအဖစစ်သားမက အမှတ် ၁၇၁ စစ်ဒေသ ဝ တပ်ဖွဲ့မှ စစ်သားများလည်း ထွက်ပြေးကြောင်း၊ ဂျူလိုင်လအတွင်း ထိုင်းနိုင်ငံသို့ ထွက်ပြေးသည့် ဝ တပ်သား ၂ ဦး၊ ယခုလတွင် ၄ ဦး ဖမ်းဆီးမိကြောင်း သျှမ်းသံတော်ဆင့်သို့ ပြောပြပါသည်။

မွေခေါင် 10/08/2010

လစာများမရ၍ BGF လားဟူ တပ်သားများထွက်ပြေး

နယ်ခြားစောင့်တပ်အသွင်ပြောင်းလျှင် မိသားစုစားဝတ်နေရေးအားလုံး နအဖကတာဝန်ယူမည်ဟုဆိုသော်လည်း လက်တွေ့ဖြစ်မလာသောကြောင့် လားဟူနယ်ခြားစောင့်တပ် တပ်သားများထွက်ပြေးကြကြောင်း စုံစမ်းသိရှိရပါသည်။

"ဂျွန်လက စပြီးကျိုင်းတုံမှာစစ်သင်တန်း ၃ လသွားကြတယ်။ ဒါပေမယ့်တလကျော်နဲ့ သင်တန်းရပ်လိုက်ရတယ်။ သင်တန်းဆင်းလက်မှတ်လဲမရဘူး"– ဟု အမည်မဖေါ်လိုသည့် ကျိုင်းတုံသားလားဟူအမျိုးသားတဦးကပြောပါသည်။

နအဖ စစ်အုပ်စုက နယ်ခြားစောင့်တပ်ဖွဲ့များအား တပ်သားသစ် ကျပ်ငွေ ၃၅,၀၀၀၊ တပ်သား ၃၆,၀၀၀ (အခြေခံလစာ)၊တပ်ကြပ် ၄၈,၀၀၀၊ တပ်ကြပ်ကြီး ၅၄,၀၀၀၊ ဗိုလ် ၁၃၀,၀၀၀၊ ဗိုလ်ကြီး ၁၅၀,၀၀၀၊ ဗိုလ်မှူး ၁၇၀,၀၀၀ လစာခံစားစေရမည့်အပြင် မိသားစုစားနပ်ရိက္ခာ ဆန်ဆီ ဆားပေးမည်ဟု လက်ကမ်းစာစောင် (ဝ ၊ သျှမ်း၊ ဗမာ – သုံးဘာသာ) နှင့်တကွနှုတ်ကတိပါပေးခဲ့ကြောင်း ၎င်းလားဟူအမျိုးသား က ဤကဲ့သို့ပြောပြ၏။

"ဆန်ဆီဆား အပြင်မိသားစုအရေးကူညီပေးမယ်၊ ခရီးသွားရင် ကားခပေးစရာမလိုဘူး၊ ကလေးမွေးရင်လဲ အကူအညီအထောက်အပံ့တွေပေးမယ်။ ကျောင်းသား၊သူတွေကျောင်းစရိတ် ဖရီး – စသဖြင့်ပြောတယ်၊ လက်တွေ့မှာဘာမှမရဘူး။ ကျနော်တို့ ဘီဂျီအက်ဖ်အတွက်မပြောနဲ့၊ သူတို့ ဗမာစစ်သားတွေတောင် ရာသီအလိုက် ခြံအလုပ်သမားသွားလုပ် ရတယ်။"

ရာသီအလိုက် ကောက်စိုက်၊ရိတ်သိမ်းခြင်း၌လည်းကောင်း၊ ဘိန်းစိုက်၊ဘိန်းဆီခြစ် ရာသီ၌လည်းကောင်း နအဖစစ်သား မိသားစုက နေ့စားလုပ်သားလုပ်ဝင်ငွေရှာကြရ၏။ ထို့အပြင်တပ်ရန်ပုံငွေအတွက် ထင်း၊ မီးသွေး၊ ဝါး များခုတ်ရောင်း ပေးရ၏။

လားဟူအမျိုးသားများ ထိုကဲ့သို့ခံစားခွင့်အပြည့်အဝမရသောကြောင့် ဝမ်းရေးအတွက်တပ်မှ၊ စစ်သင်တန်းမှ ထွက်ပြေးရခြင်းဖြစ်သည်ဟု သျှမ်းသံတော်ဆင့်သို့ ပြောပြ၏။

နယ်ခြားစောင့်တပ်ဖွဲ့များ (ပုံပါကျင်၊မိုင်းတုံ အမှတ် ၁၀၀၇၊ မိုင်းယု၊မိုင်းယွန်း ၁၀၀၈၊ မုံးကိုး၊တာချီ လိတ် ၁၀၀၉ ၊မက်မန်း၊ မော်ဖု ၁၀၁၀) ကျိုင်းတုံသို့သွားရောက်စစ်သင်တန်းယူစဉ် ကာလတလျှောက်တွင်မူ ရိုက်နှက်ကြိမ်းမောင်းခြင်းတစုံတရာမပြုသည့်အပြင် နေထိုင်စားသောက်ရေး၌ အထူးဧည့်ခံထားသည်ဟုဆို၏။

အဆိုပါစစ်သင်တန်းသို့ လားဟူအမျိုးသား ၂၅၀ ယောက်၊ သျှမ်း၊ အခါ နှင့် 'ဝ' ၁၅၀ ယောက်၊ စုစုပေါင်း အယောက် ၄၀၀ ပါဝင်သည်ဟု ဆို၏။

သျှမ်းသံတော်ဆင့် 11/08/2010

ကျေးလက်ရွာသူအား နအဖစစ်ဗိုလ်မုဒိန်းကျင့်

သျှမ်းပြည်တောင်ပိုင်း ကွန်ဟိန်းအခြေစိုက်လှုပ်ရှားစစ်ကြောင်း တကြောင်းမှ စစ်ဗိုလ်ကဝမ်လောဝ်းအုပ်စုရွာသူတဦးအား မုဒိန်းကျင့်ပြီး သတင်းပျံ့ပါက သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ကြောင်း စုံစမ်းသိရှိရပါသည်။

ကွန်ဟိန်းအခြေစိုက် ခမရ ၅၂၄ တပ်ခွဲ ၃ မှ ဗိုလ်သိန်းအောင်က အင်အား ၃၀ ကျော်နှင့်အတူကွန်ဟိန်းမြို့တောင်ဘက်ဝမ့်လောဝ်းအုပ်စု ဖက်သို့ ရှေ့တန်းထွက်လှုပ်ရှားကြောင်း၊ ဇူလိုင် ၂၄ ရက် ဝမ့်လောဝ်း ကျေးရွာသို့ရောက်စဉ် ၂ ညတည်းပြီး နန်းလူအား မုဒိန်းကျင့်ကြောင်း ဒေသခံများကပြောပြပါသည်။

"ဒုတိယဝါဆိုလပြည့်နေ့ ဘုန်ကြီးကျောင်းတက်တော့ ညက သူ့ကိုမုဒိန်းကျင့်တဲ့အကြောင်း သူငယ်ချင်းတွေကို ပြောပြတယ်။ အဲဒီ ဗိုလ်ကတခြားသူတွေကိုပြောပြရင် သတ်ပစ်မယ်ဆိုပြီး ခြိမ်းခြောက်ထား တယ်လို့လဲ ပြောပြတယ်" ဟုအမည်မဖော်လို ရွာသားတဦးက ပြော ပြပါသည်။

ထိုသတင်းတရွာလုံးပျံ့နှံ့သွားပြီး မိဘများလည်း မိမိတို့သမီး လုံခြုံရေးအတွက် စိတ်ပူနေကြကြောင်း ၎င်းက ဤကဲ့သို့ ဆက်လက် ပြောပြ ပါသည်။

"အဲဒီသတင်းကြားပြီးတဲ့နောက် မိဘတွေလဲ သူတို့ရဲ့သမီး ကညာတွေကို လယ်ယာပေးမသွားတော့ဘူး။ အိမ်မှာလဲ တယောက် တည်းမထားရဲတော့ အလုပ်အကိုင်အရမ်းပျက်တာပေါ့"

အသက် ၃၀ အရွယ် နန်းလူတွင် မိဘနှစ်ပါးစလုံးကွယ်လွန် သွားသောကြောင့် တစ်ယောက်တည်းနေထိုင်ကြောင်း၊ ကျန်းမာရေး မကောင်းသည့်အပြင်စိတ်ရောဂါလည်းခံစားနေရကြောင်းသိရှိရသည်။

ကွန်ဟိန်းအခြေစိုက် ခမရ ၅၂၄ လှုပ်ရှားစစ်ကြောင်း(တပ်ခွဲ ၃) သည် အနည်းဆုံးတရွာပေါ်တာ ၃ ယောက်ဆင့်ခေါ်ပြီး တရွာဝင် တရွာထွက်စစ်ကြောင်းထွက်တိုင်းအစဉ်အလှည့်ကျတာဝန်ယူရကြောင်း၊ တစ်လအတွင်းရွာသားများ၏ အိမ်မွေးကြက် ၃၇ ကောင်လည်း ဆင့်ယူသွားခဲ့ကြောင်း၊ တွေ့သမျှခြံထွက်သီးနှံနှင့်အစားအစာများ လည်း တောင်းရမ်းခြင်းမပြုဘဲ ယူဆောင်သွားကြောင်း ဒေသခံများက ပြောပြပါသည်။

မွေခါဝ် 11/08/2010

တာချီလိတ်ရယကာဥက္ကဌ ရပ်ကွက်ပြုပြင်ရေးအကြောင်းပြ ထိုင်းဘတ်ငွေသိန်းချီကောက်

သျှမ်းပြည်အရှေ့ပိုင်း တာချီလတ်မြို့ ဆန်ဆိုင်း (က) ရပ်ကွက် ဥက္ကဌ ရပ်ကွက်အတွင်း လမ်းပြုပြင်ရန်နှင့် ရေနုတ်မြောင်း ဖောက်ရန် အကြောင်းပြ၍ ပိုက်ဆံကောက်ခံနေကြောင်း စုံစမ်းသိရှိရပါသည်။

"အိမ်ရှေ့တိုင်းရေနုတ်မြောင်းတူးခိုင်းတယ်။ ရှင်းခိုင်းတယ်။ အဲဒီအတွက်တစ်အိမ်တက်ဆင်း ပိုက်ဆံကောက်တယ်" ဟု ဆန်ဆိုင်း ရပ်ကွက်သားတစ်ဦးက ပြောပြပါသည်။

ရပ်ကွက် လမ်းပြုပြင်ရန်အတွက် အဓိကပိုက်ဆံထည့်ပေးရ သူများမှာ သစ်ဖြတ်စက်ပိုင်ရှင် စိုင်းဝန်း ဘတ် ၁၅၀၀၀၊ လုံးယောင်း ၁၅၀၀၀၊ နန်းလား ၃၂၀၀၀၊ နန်းအွေ့ ၂၅၀၀၀၊ လုံးတွိ ၉၅၀၀၊ စိုင်းစံ ၃၀၀၀နှင့် ပဲ့နန်းလား ၅၀၀၀ တို့ဖြစ်ကြပြီး ကျန်ဒေသခံများထံမှလည်း အသေးအမွှားကောက်ယူခဲ့သေးသည်ဟုဆို၏။

အိမ်ရှေ့ရေမြောင်းတူးဖော်ရာ၌ ရပ်ကွက်ဥက္ကဌအား အ ကြောင်းမကြားရကောင်းလားဟုဆိုကာ စည်ပင်သာယာကမြေတူးစက် ဖြင့် လာရောက်ဖျက်ဆီးသွားကြောင်းလည်း ၎င်းကဤကဲ့သို့ပြောပြပါ သည်။

"လုံးယီပေါ့။ အိမ်ရှေ့မြောင်းတူးတာ ဘတ် ၅၀၀၀ လောက် ကုန်သွားတယ်။ ရပ်ကွက်ဥက္ကဌကို အကြောင်းမကြားလို့တဲ့၊ စည်ပင် မြေတူးစက်နဲ့ လာဖျက်ပစ်တယ်။ နောက်ပြီးလုံးယီကို ရပ်ကွက်လူမှုရေး အဖွဲ့ကနေ ထုတ်ပစ်မယ်တဲ့။ မြောင်းပြန်လုပ်ဖို့ပိုက်ဆံလဲထပ်ကောက် သွားသေးတယ်။ သူ့လုပ်ရပ်တရားနည်းလမ်းမကျပေမဲ့ ဘယ်သူမှပြန် မပြောရဲကြဘူး"

ရပ်ကွက်အတွင်း ရေမြောင်းတူးလျှင် ၎င်းကိုယ်တိုင်စီမံမည်ဖြစ် ကြောင်း၊ ရပ်ကွက်သားကိုယ်တိုင်ဖောက်လုပ်မည်ဆိုပါက ၎င်းမှရက် သတ်မှတ်ပေးမည်ဖြစ်ပြီးသတ်မှတ်ရက်အတွင်းပြီးစီးအောင်လုပ်ရမည် ဖြစ်ကြောင်းသိရှိရသည်။

"မှတ်ပုံတင်၊ လိုင်စင်၊ မြေဂရမ်လုပ်တော့လဲ သူ့အိတ်ဖောင်း အောင် အကွက်ရှာတယ်။ ဧည့်စာရင်းတိုင်တဲ့ပိုက်ဆံတွေလဲ သူ့အိတ် ထဲထဲ့တာဘဲ" ဟု ၎င်းကဆက်ပြောပြ၏။

စာမျက်နှာ 38 သို့

ပန်လုံကိုလက်မလွှတ်သင့်

ပြင်သစ်နိုင်ငံ သုတေသနစာတမ်းဖတ်ပွဲမှာတိုင်းရင်းသားအရေးနဲ့ပါတ်သက်ပြီး ကျနော်အဓိကတင်ပြတာကတော့ ကျနော်တို့ပြည်ထောင်စုတွင်းမှာ ရင်ဆိုင်နေရတဲ့ အနှစ် ၆၀ ပြည်တွင်းစစ်ဆိုတာကို အဓိကထားတင်ပြတယ်။ ဒီစစ်ပွဲကို ဘာဖြစ်လို့ကျနော်တို့တိုင်းရင်းသားတွေရင်ဆိုင်နေရတာလဲ။ ကျနော်တို့ လိုလားလို့ဖြစ်တာမဟုတ်ဘူး။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းခွင့်မရလို့ စစ်ပွဲဆင်နွှဲနေရတာဖြစ်တယ်။ စစ်ပွဲတွေကို ကျနော်တို့လုပ်နိုင်ငံရေးနည်းနဲ့ ဘယ်လိုအဖြေရှာပြီးအဆုံးသတ်မလဲ၊ ပြည်ထောင်စုကြီးကို ပင်လုံစိတ်ဓါတ်နဲ့အခြေခံပြီးဘယ်လိုပြန်လည်ထူထောင်မလဲ။ ထူထောင်ပြီးတော့ကော ကျနော်တို့တိုင်းရင်းသားအားလုံးဘယ်လိုနည်းနဲ့ ငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်သွားမလဲ ဆိုတဲ့အပိုင်းတွေကို ကျနော် ဦးစားပေးတင်ပြသွားခဲ့တယ်။

နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းဖို့လိုတယ်။ တွေ့ဆုံဆွေးနွေးရေးလိုတယ်။ တစိုက်မတ်မတ်သုံးပွင့်ဆိုင်ဆွေးနွေးပွဲလိုအပ်တယ်။ သုံးပွင့်ဆိုင်ဆွေးနွေးပွဲကနေအခြေခံပြီး အမျိုးသားညီလာခံကျင်းပသင့်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေလဲ ရေးသင့်တယ်။ အဲဒီအခြေခံပေါ်မှာဘဲ ရွေးကောက်ပွဲတွေ ဘာတွေလုပ်သင့်တယ်ဆိုတာ ကျနော်တို့တချိန်လုံးပြောခဲ့တယ်။ ဒါပေမယ့် နအဖကလက်မခံဘူး။ သူတို့Road Map အတိုင်းသွားတယ်။ ခုလဲ Election လုပ်မယ်။ ဆိုတော့ ပင်လုံနဲ့ပါတ်သက်ပြီးတော့ ပြည်နယ်ကိုလွှတ်တော်မှာလုပ်ခွင့်ရှိတာတွေ အခွင့်အရေးတွေရှိမလားဆိုတဲ့ မေးခွန်းအပေါ်မှာ–၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂ ပိုင်းခွဲကြည့်လို့ရှိရင် Format of State ပေ့ါ။ ပြည်ထောင်စုကို ဘယ်လိုဖွဲ့စည်းမယ်ဆိုတဲ့အပိုင်း။ ၁၉၇၄ ဖွဲ့စည်းပုံနဲ့နှိုင်းလို့ရှိရင် တိုင်းရင်းသားတွေပေးတဲ့ အခွင့်အရေးကနဲနဲများတယ်လို့တွေ့ရတယ်။ဒါတော့ အမှန်ကိုအမှန် အတိုင်းပြောသင့်တယ်။ ဘာလို့လဲဆိုတော့အရင်တုန်းက ပြည်နယ်တွေမှာ ပြည်နယ်လွှတ်တော်– ပြည်နယ်အစိုးရဆိုတာတွေ မရှိဖူးပါဘူး။ ပြည်နယ်တရားရုံးချုပ်ဆိုတာတွေရောပေ့ါ။ ဒါကောင်းတဲ့ပုံစံပါ။ ဒါပေမယ့်ဒီကောင်းတဲ့ဟာတွေအားလုံးကို သူတို့ကတပ်မတော် အောက်မှာပြန်ထားလိုက်တယ်။ လုံခြုံရေးကောင်စီက အာဏာသိမ်းခွင့် ရှိတယ်။ ပြည်နယ်ဝန်ကြီးချုပ်ကိုလဲ သူတို့ခန့်ရမယ်ဆိုတော့ ဒီအယောင်အဆောင်ပေးထားတဲ့ပြည်နယ် လွှတ်တော်တို့ ပြည်နယ်အစိုးရတို့ဆိုတာ ဘာလုပ်တော့မလဲ။

ဒေါက်တာ ဆလိုင်းလျှံမုန်းဆခေါင်း နှင့် US သမ္မတဟောင်း

ဒေါက်တာဆလိုင်းလျှံမုန်း ဆခေါင်း
ENC ဒုဥက္ကဋ္ဌ
EBO သုတေသန ဒါရိုက်တာ

၂၀၁၀ ရွေးကောက်ပွဲဟာ အင်မတန်အရေးကြီးတယ်ဆိုပြီး ပြည်တွင်းကော ပြည်ပကောအာရုံစိုက်ကြတယ်။ တိုင်းပြည်အေးချမ်းငြိမ်သက်ဖို့ရွယ်ချက်အမျိုးမျိုး အကြောင်းပြချက်အမျိုးမျိုးနဲ့တိုင်းရင်းသားတွေကို စစ်အစိုးရကဖိအားပေးတယ်။ တချို့လည်းပြည်သူ့စစ် တွေ၊ BGF တွေဖွဲ့ဖို့တင်းခံနေကြတယ်။ သတင်းလောကမှာကြားနေတာကလဲ သူတို့ကြိုးကိုင်လို့ရမယ့်အဖွဲ့အစည်းတွေကိုနအဖက ပါတီထူထောင်ခွင့်တွေ ဦးစားပေးတယ်။ သူတို့နဲ့ညှိလို့မရတဲ့အဖွဲ့အစည်းတွေကိုတော့ ခွဲခြားဆက်ဆံတယ်ဆိုတဲ့ ပြဿနာတွေကြားနေရ တယ်။

ဒါပေမယ့် ကချင်ပြည်မှာတော့အဲလိုမျိုးတွေမတွေ့ရဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုချိန်မှာကချင်လူမျိုးတွေဟာညီညွှတ်ရေးကို တကယ်စိတ်သန်တယ်။ ပြည်ထောင်စုစစ်စစ်ဖြစ်တဲ့ပန်လုံစာချုပ်ကို ကာကွယ်ဖို့နှစ်ပေါင်း ၆၀ လောက်လက်နက်ကိုင်ပြီးကြိုးစားခဲ့တာကို ကြည့်ခြင်းအားဖြင့် ပြည်ထောင်စုအရေးတကယ်ကြိုးစားနေတယ်ဆိုတာ တွေ့ရပါတယ်။

ကချင်ပြည်မှာစစ်အစိုးရဘက်ကကြိုးစားနေတာ တွေ့ရတယ်။ ဒါပေမယ့်မအောင်မြင်နိုင်ပါဘူး။အခုစစ်တိုင်းမှူးတွေကလဲ ကြံ့ခိုင်ဖွံ့ဖြိုးရေးအပြင် သူတို့ကိုကိုယ်စားပြုတဲ့ပါတီတွေလဲဖွဲ့တယ်။ တဖက်မှာ ကေအိုင်အိုကလည်း ဒီနယ်ခြားစောင့်ကိစ္စကိုမြေမသေဒုတ်မကျိုးဆက်ပြီးလက်တွဲမယ်ဆိုတဲ့အနေအထားတွေရှိတယ်။ ဒါပေမယ့် ဒေါက်တာတူးဂျာတို့ရဲ့ KSPP အဖွဲ့အစည်းကျတော့ မှတ်ပုံတင်ခွင့်မပေးတာနဲ့ပါတ်သက်လို့အမျိုးမျိုး ဝေဖန်တယ်။

ကချင်လူထုရဲ့စိတ်ထဲမှာ ဒေါက်တာတူးဂျာတို့မှတ်ပုံတင်ခွင့်မရတာကိုကြည့်ခြင်းအားဖြင့် သူတို့ထင်တဲ့ဟာ ပိုပြီးသေချာသွား တယ်။ လူထုရဲ့ စစ်အစိုးရကိုဆန့်ကျင်ချင်တဲ့အချက်ပိုပြီးအားကောင်းသွားတယ်လို့ပြောရမှာပေ့ါ။ ဒါကြောင့် ခုနပြောသလို သူတို့လုပ်ချင်တာလုပ်လို့မရဘူး။ KIO လက်ထက်မှာ BGF ဆိုတဲ့သူတို့ရဲ့ပြင်ဆင်မှု လုံးဝ အောင်မြင်မှာမဟုတ်ဘူး ဆိုတဲ့ အချက်ပြောလို့ရပါတယ်။

ငြိမ်းချမ်းတဲ့ပြည်ထောင်စုကြီးကို တည်ထောင်မယ်လို့စစ်အစိုးရပြောနေတယ်။ တဖက်ကလဲကချင်ပြည်ကို တာဝေးပစ်ဒုံးကျည်တွေ စစ်လက်နက်ကြီးတွေသယ်ဆောင်တင်ပို့ထားတယ်။ဒါလဲရှင်းရှင်းဘဲ၊ စစ်အစိုးရဟာ စစ်အင်ပါယာကြီး၊ ဗမာအင်ပါယာကြီးထူထောင်ချင်တာ။ ပြည်ထောင်စုကိုထူထောင်ချင်တာမဟုတ်ဘူး။ ဒီမိုကရေစီထူထောင်ချင်တာလဲမဟုတ်ဘူး။ ငြိမ်းချမ်းရေးအတွက်လုပ်တာ မဟုတ်ဘူး။

သူတို့ပါးစပ်ကပြောတဲ့အတိုင်း ဒီမိုကရေစီတကယ်လိုချင်တယ်၊ ငြိမ်းချမ်းရေးကိုတကယ်လိုလားတယ်ဆိုရင် ဒေါက်တာတူးဂျာတို့ကိုချက်ချင်းမှတ်ပုံတင်ပေးသင့်တာပေါ့။ အရင်ကလဲ သူတို့ပြောထားတာရှိတယ်လေ။ အပစ်ရပ်အဖွဲ့တွေ နိုင်ငံရေးအကြောင်းကို တက်လာတဲ့အစိုးရသစ်နဲ့သာပြောပါ ဆိုပေမယ့် လက်တွေ့မှာ BGF အတင်းပြောင်းခိုင်းနေတာ။ ဒီတော့ အခုသူတို့က ဆားတဖက် ခါးတဖက်ကိုင်တဲ့ နွားသတ်သမားနဲ့တူနေတယ်လို့ ပြောချင်ပါတယ်။

တကယ်တန်း တိုင်းရင်းသားတွေမျှော်လင့်တာကတော့ နိုင်ငံရေးပြဿနာကိုနိုင်ငံရေးနည်းနဲ့ဖြေရှင်းစေချင်တာပေါ့။ပန်လုံအခွင့်အရေးကိုတင်းပြည့်ကျပ်ပြည့်ခံစားနိုင်တဲ့နေ့အထိကန့်ကွက်မယ်။ပြည်ထောင်စုအနေနဲ့နားလည်သင့်တာက KIO / KIA ဆိုတာ ကချင်လူထုဖြစ်စေချင်တဲ့ ဟာလုပ်ခိုင်းတဲ့ဟာကို သူတို့လုပ်နေတာ။ ပန်လုံအခွင့်အရေးကိုတင်းပြည့်ကျပ်ပြည့်ခံစားနိုင်တဲ့နေ့အထိ ကျနော်တို့ ကန့်ကွက်မယ်ဆိုတာရှိနေသရွေ့ KIO / KIAကလဲ ဆက်လက်တည်ရှိနေမယ်။ကချင်လူထုအတွက် ရွေးကောက်ပွဲဆိုတာဘာမှ အဓိပ္ပါယ်မရှိပါဘူး။

၂၀၁၀ အလွန်မှာ ဘယ်လိုဖြစ်လာမလဲ။ စစ်အစိုးရပြောသလိုပြည်ထောင်စုကြီး သာယာဝပြောလာမလား။ ဆက်လက်ပြီးရန်းကန်လှုပ်ရှားနေမလားဆိုတော့ တစ်ခုအတိအကျပြောနိုင်တာကတော့ ပန်လုံအခွင့်အရေးကို မရရအောင်လုပ်မယ်။ ဆက်လက်ပြီးလုပ်မယ်။ ဖြစ်နိုင်တဲ့နည်းရှာပြီးလုပ်မယ်ဆိုတာပါဘဲ။ ရှုံးသွားမယ်၊ ပျောက်သွားမယ်ဆိုတာကတော့ ဘယ်လိုမှမဖြစ်စေရဘူး။

ဦးလရော်မရမ်
အမေရိကန်ပြည်ထောင်စု /တက္ကသိုလ် ပါမောက္ခ

အပစ်ရပ်တိုင်းရင်းသား ၁၇ ဖွဲ့ထဲမှာလဲ တချို့ကစစ်အစိုးရနဲ့လက်တွဲသလို တချို့ကလဲဒေသဖွံ့ဖြိုးရေးအတွက်လုပ်နေတာလဲတွေ့ရတယ်။နအဖဟာတဖက်ကသိမ်းသွင်းလို့မရရင်တဖက်ကခြိမ်းခြောက်မယ်။ မီးစတဖက်ရေမှုတ်တဖက်ပေါ့။ တကယ်လို့ပြည်ထောင်စုကြီးပြောင်းလဲလိုက်ရင် အဓိကကတော့တယောက်နဲ့တယောက်ကြားမှာတခုဆိုတခု ရှင်းရှင်းလင်းလင်းပြနိုင်ဖို့ အရေးကြီးပါတယ်။ ဟိုဟာလိုလိုဒီဟာလိုလိုဆိုရင်တော့ ကျနော်တို့လူငယ်တွေအနေနဲ့လိုက်ရတာအရမ်းခက်ပါတယ်။ လူငယ်တွေကြားမှာစည်းလုံးညီညွတ်မှုတခုရှိတယ်။ပြောင်းလဲမှုတခုလုပ်ဖို့ခေါင်းဆောင်တွေက ပြတ်သားတဲ့ဆုံးဖြတ်ချက်ချပေးဖို့လိုပါတယ်။ နို့မဟုတ်ရင်လူငယ်တွေအရမ်းကိုဇဝေဇဝါဖြစ်ရပါတယ်။

စစ်အစိုးရအနေနဲ့လဲ ဘာအကြောင်းတွေဘဲဖြစ်ဖြစ် ရွေးကောက် ပွဲဖြစ်အောင်တော့ လုပ်မယ့်သဘောရှိတယ်။ လမ်းစဉ် ၇ ချက်ကို အကောင်အထည်ဖော်ရင်တရားဝင်အစိုးရကိုလွှဲပေးနိုင်မယ်။ သူတို့ကို နိုင်ငံကတကာက Legistamacy အရ အသိအမှတ်ပြုနိုင် မယ်။ လူငယ်တွေရဲ့မျှော်လင့်ချက်ကတော့ ကောင်းမွန်တဲ့ ပြည်ထောင်စုတခုတည်ထောင်ဖို့ ပထမဆုံးရွေးကောက်ပွဲမလုပ်ခင် အားလုံးပါဝင်တဲ့တွေ့ဆုံဆွေးနွေးမှုတခုလုပ်ဖို့လိုအပ်တယ်။ ပြောင်းလဲမှုအတွက်အရမ်းအရေးပါတဲ့လိုအပ်ချက်တခုဖြစ်တယ်။ ရွေးကောက်ပွဲမှာအားလုံးပါဝင်နိုင်ပြီဆိုမှ ကျနော်တို့ပြည်နယ်အနေနဲ့ ခေါင်းဆောင်တွေအပေါ်ဘာတွေလုပ်ပေးနိုင်မလဲ။ ဥပမာ ရွေးကောက်ပွဲဝင်ဖို့ပါတီ ကဲင်မ်ပိန်းတွေလုပ်မယ်ဘာညာပေါ့။ ခေါင်းဆောင်တွေကို အဖက်ဖက်ကပံ့ပိုးချင်တယ်။ လူငယ်တွေအနေနဲ့လဲဒီရွေးကောက်ပွဲနဲ့ပါတ်သက်ပြီးအတွေ့အကြုံမရှိခဲ့ဖူးဘူး။ လူငယ်တွေအနေနဲ့လဲ ဒီအခွင့်အရေးကိုလုံးဝ အသုံးချချင် တယ်။

စစ်အာဏာရှင်တွေရဲ့လက်အောက်မှာ ဒီတိုင်းဘဲဆက်သွားမယ် ဆိုရင် တိုင်းပြည်သာယာဝပြောဖို့ ဘယ်လိုမှအာမခံလို့မရပါဘူး။ တိုင်းရင်းသားတွေနဲ့ ဒီမိုကရေစီလှုပ်ရှားသူတွေ ရေးဆွဲထားတဲ့ဖက်ဒရယ်ဒီမိုကရေစီလမ်းစဉ်အတိုင်းသွားမယ်ဆိုရင်တော့ တိုင်းပြည်သာယာလှပဖို့အလားအလာများပါတယ်။ ဒါမှ ကျနော်တို့လူငယ်တွေအနေနဲ့လဲ စိတ်ရောကိုယ်ပါ ခွန်အားစိုက်ပြီးအဖက်ဖက်ကနေခေါင်းဆောင်တွေကို ကူညီဖေးမ လိုက်လုပ်နိုင်မှာဖြစ်ပါတယ်။

နော်ကပွဲထူး
ကယန်းလူမျိုး

ဘီဘီစီ ဦးမောင်မောင်သန်း 18/07/2010

နိုင်ငံရေးသမားတို့၏ခွန်အား

ဩဂုတ်လ ၃ ရက်အင်္ဂါနေ့ NLD ခေါင်းဆောင်တချို့ အကျဉ်းကျနေတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေရဲ့မိသားစုတွေကို ဥက္ကဋ္ဌကြီးခွန်ထွန်းဦးတို့ အိမ်မှာသွားရောက်တွေ့ဆုံအားပေးစကားပြောခဲ့ပါတယ်။အဲဒီတွေ့ဆုံမှုကနေတိုင်းရင်းသားနိုင်ငံရေးသမားတွေအတွက် ဘာခွန်အားတွေရရှိလာသလဲ SNLD ပြောခွင့်ရပုဂ္ဂိုလ် ဦးစိုင်းလိတ်နဲ့ ဆက်သွယ်မေးမြန်းထားပါတယ်။

ဩဂုတ်လ ၃ ရက် မနက် ၁၁ နာရီခွဲအထိ NLD အဖွဲ့ဝင်တွေဖြစ်တဲ့ ဦးတင်ဦး၊ ဦးဝင်းတင်၊ ဒေါက်တာ နေဝင်းမြင့် ဦးနိုင်းနိုင်းတို့ပါတဲ့ ၁၃ ယောက်ပါအဖွဲ့တဖွဲ့ဟာ ထောင်ဒဏ်နှစ်ရှည်ကျခံနေရ တဲ့ SNLD ခေါင်းဆောင်ဦးခွန်ထွန်းဦး၊ ဦးစိုင်းညွန့်လွင်နဲ့ ဦးစိုင်းလှအောင်တို့ မိသားစု၊ ဗိုမှီးအမျိုးသားကွန်ကရက်ပါတီ ဥက္ကဋ္ဌ ဦးပူကျင့်ရှင်းထန်နဲ့ ရခိုင်လူငယ်ကိုတင်စောအောင်ရဲ့အမေ မိသားစုတို့တွေကို ဥက္ကဋ္ဌကြီးခွန်ထွန်းဦးတို့ အိမ်မှာ သွားရောက်တွေ့ဆုံအားပေးစကား ပြောတယ်လို့ သျှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးစိုင်းလိတ်က ပြောပါတယ်။

"ဦးဝင်းတင်က ဒေါ်အောင်ဆန်းစုကြည်အပါအဝင် NLD ပါတီဟာ တရားဝင်နိုင်ငံရေးပါတီအဖြစ်ရပ်တည်နေစဉ်ကတည်းက ခုချိန်ထိတိုင်းရင်းသားတွေကို မပြစ်ပါယ်ပါဘူး။ တိုင်းရင်းသားတွေဟာ ပြည်ထောင်စုစစ်စစ်မှုဖြစ်တဲ့တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရမယ်။ အခုချိန်မှာ NLD ဟာ တရားဝင်နိုင်ငံရေးပါတီမဟုတ်တော့ပေမယ့် တိုင်းရင်းသားတွေကိုမပြစ်ပါယ်ပါဘူး စသဖြင့်အားပေးစကားလာပြောသွားတယ်။ လာရောက်တွေ့ဆုံအားပေးတာဝမ်းသာပါတယ်။ ကောင်းမွန်တဲ့ မင်္ဂလာတပါးဖြစ်တယ်။ ဦးဝင်းတင်က ပြောသွားတယ်– နိုင်ငံရေးသမားဆိုတာ ထောင်ဝင်တဲ့နေ့ရှိသလို ထောင်ထွက်တဲ့နေ့လဲရှိတယ်။ ကောင်းမွန်တဲ့ယုံကြည်ချက်ကြောင့် ထောင်ကျသွားသူရဲ့ကျန်ရှိမိသားစုများလည်းပူဆွေးသောကရောက်မယ့်အစား ဂုဏ်ယူတတ်ရမယ်။ နေကောင်းကျန်းမာအောင်နေရမယ်။ ဒါမှမိမိတို့ရည်မှန်းချက်ပန်းတိုင်အောင်မြင်စွာလျှောက်လှမ်းနိုင်မှာဖြစ်တယ်– ဆိုတဲ့ဟာကိုလက်ခံတယ်။

နောက်တခု ဦးဝင်းတင်ပြောသွားတဲ့ တိုင်းရင်းသားတွေဟာ ပြည်ထောင်စုစစ်စစ်မှုဖြစ်တဲ့ တန်းတူရေးနဲ့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရမယ်ဆိုတဲ့အချက်ယုံကြည်လက်ခံထားဆဲဖြစ်တယ်လို့သိရတဲ့အတွက် ဝမ်းသာရတယ်။ အခုလို တိုင်းရင်းသားတွေလာရောက် တွေ့ဆုံမှုဟာရှိသင့်တယ်လို့ ကျနော်တို့အလုပ်အမှုဆောင်တွေကယုံ ကြည်တယ်။ တိုင်းရင်းသားနိုင်ငံရေးပါတီတွေ အင်အားချင်းဖလှယ်တာဖြစ်တဲ့အတွက် ကောင်းမွန်တဲ့လုပ်ရပ်လို့မြင်ပါတယ်။"

အခုတွေ့ဆုံမှုနောက်ပိုင်း SNLD အနေနဲ့ရှေ့ဆက်ဘာတွေလုပ်မှာလဲ။

"အခုတွေ့ဆုံမှုဟာ အပြင်ပန်းသဏ္ဍာန်ကြည့်ရင် နိုင်ငံရေးတွေ့ဆုံမှုမဟုတ်ဘူးလို့ပြောနိုင်သလို ယူတတ်ရင်တော့ နိုင်ငံရေးတွေ့ဆုံမှုလို့လဲပြောလို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ NLD ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်အပါအဝင်တန်းတူခွင့်နဲ့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရမယ်ဆိုတဲ့အချက်ယုံကြည်လက်ခံထားဆဲဖြစ်လို့သိရတဲ့အတွက် တိုင်းရင်းသားနဲ့ NLD နီးနီးကပ်ကပ်ရှိနေသင့်တယ်။ လက်တွဲသင့်တယ်။ ဒီအချက်ပေါ်အခြေခံပြီးတော့ တိုင်းရင်းသားနဲ့ NLD တတန်း တည်းရှိနေတယ်။ ဘယ်သူမှလူမျိုးကြီးဝါဒမရှိဘူးလို့ သိခွင့်ရခဲ့ပါတယ်။

ရှေ့ဆက်ဘယ်လိုလက်တွဲဆောင်ရွက်သွားသင့်လဲ ဆိုတာကတော့ – ကျနော်တို့မှာ တူညီတဲ့ယုံကြည်ချက် တခုတော့ရှိတယ်။ ဘာလဲဆိုတော့ – ၂၀၁၀ ရွေးကောက်ပွဲဟာ ၂၀၀၈ ဖွဲ့စည်းပုံကိုအခြေခံပြီးတော့ပေါ်ပေါက်လာမှာဖြစ်တယ်။ ၂၀၀၈ ဖွဲ့စည်းပုံကကောဘယ်လောက်အတိုင်းအတာအထိအကျိုးရှိသလဲ မရှိဘူးလဲ။ နောက်ပြီးတော့ တိုင်းရင်းသားတွေကို ဘယ်လိုသွေးခွဲထားသလဲ။ ဒါတွေကိုသတိမမူမိတဲ့လူထုကြား SNLD အနေနဲ့ ချပြနိုင် သလောက်ချပြသွားမယ်လို့ စီစဉ်ထားပါတယ်။ နိုင်ငံရေးနည်းနဲ့ မလှုပ်ရှားနိုင်သည့်တိုင်စာပေ/ယဉ်ကျေးမှုလမ်းကနေ ကြုံရင်ကြုံသလိုရသမျှအခွင့်အလမ်းကနေချပြသွားမှာဖြစ်တယ်။ "

လူထုထောက်ခံအားပေးတဲ့ SNLD ဟာဘယ်လိုလှုပ်ရှားမှုတွေဘဲလုပ်တော့မလဲလို့ မေးလာတဲ့လူတွေကိုကောဘယ်လိုတုန့်ပြန်မှုပေးချင်ပါသလဲခင်ဗျာ။

" SNLD က နိုင်ငံရေးပါတီ မှတ်ပုံဆက်မတင်တော့တဲ့ အတွက်လူမှုအခြေပြုလုပ်ငန်းတွေကိုဘဲလုပ်သွားတော့မယ်။ လူမှုအခြေပြုလုပ်ငန်းဆိုတာကခုလောလောဆယ်ဆိုရင် နိုင်ငံရေးအပေါ်လူတွေနားလည်လာအောင် ပြောပြရှင်းပြသွားမယ်။ ၂၀၀၈ ဖွဲ့စည်းပုံမှာဘာတွေပါသလဲ။ လူထုကိုဘယ်လောက်အကျိုးပြုလဲ။ ဘယ်လောက်အကျိုးယုတ်စေသလဲ လူထုတွေမြင်လာအောင်ပြောပြမယ် စသဖြင့်ပေါ့။"

SNDP ခေါင်းဆောင် ဦးစိုင်းဆောင်ဆီ နှင့် ဦးစိုင်းအိုက်ပေါင်း

သတင်းတစ်ခုမှာတွေ့ရတာက SNLD ဟာ SNDP ကိုယေဘုယျအားဖြင့်လက်ခံတယ်လို့ SNDP ဒုဥက္ကဋ္ဌ ဦးစိုင်းဆောင်ဆီကပြောတယ် ခင်ဗျာ။ အဲဒါဟုတ်ပါသလားခင်ဗျား။

"ဒါကသူတို့ဘက်ကဘဲ မြင်ပြီးသူတို့ကဘဲပြောသွားတာကိုး။

SNDP/NDF/UNDP ပါတီတို့ဟာ ၂၀၁၀ ရွေးကောက်ပွဲမှာပါဝင်သင့်တယ်လို့ သူတို့ယုံကြည်ကြတယ်။ ကျနော်တို့ကျတော့ ၂၀၀၈ ဖွဲ့စည်းပုံကို အစကတည်းကလက်မခံဘူး။ ဘာလို့လဲဆိုတော့ ၂၀၀၈ ဖွဲ့စည်းပုံဟာ လူထုဆန္ဒမပါဘူး၊ တိုင်းရင်းသားတွေရဲ့ဆန္ဒမပါဘူး။ ဆိုတော့ လူထုကို ကိုယ်စားမပြုနိုင်ဘူး။ တိုင်းရင်းသားတွေကိုလဲ ကိုယ်စားမပြုဘူး။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကနေထွက်လာတဲ့ ရွေးကောက်ပွဲဝင်မယ့် နိုင်ငံရေးပါတီများဟာလည်း ကျနော်တို့ယုံကြည်ချက်နဲ့ မကိုက်ညီတဲ့အတွက် SNLD မူဝါဒနဲ့လဲလုံးဝမကိုက်ညီပါဘူး။ ဒီတော့ ၂၀၁၀ရွေးကောက်ပွဲကို SNLD အနေနဲ့လက်မခံနိုင်တဲ့အတွက် ဘယ်ပါတီကို လက်ခံတယ်လက်မခံဘူးဆိုတာကတော့ အထူးပြောနေစရာမလိုဘူးလို့ထင်ပါတယ်။"

တိုင်းရင်းသားအခွင့်အရေးရဖို့ ဘယ်လိုလက်တွဲဆောင်ရွက်သင့်သလဲလို့မြင်ပါသလဲခင်ဗျား။

"တိုင်းရင်းသားလူမျိုးတမျိုးဟာ သူ့မှာကိုယ်ပိုင် အခွင့်အရေးရအောင် သူ့ကိုယ်သူကြိုးစားရမှာဖြစ်တယ်။ သူ့ကိုယ်သူ မကြိုးစားရင် ဘယ်အဖွဲ့အစည်း ဘယ်ပါတီကမှ သူ့ကိုအခွင့်အရေးတွေမပေးနိုင်ပါဘူး။ ကိုယ့်ဘက်က အရာရာအဆင်သင့်ရှိနေမှရယူလွယ်မှာပါ။ ဘယ်သူမှကိုယ့်ကို 'ရော့ယူ'ဆိုပြီး သဘောထားကြီးကြီးနဲ့ပေးမှာမဟုတ်ပါဘူး။ ဒါကြောင့် ဘယ်တိုင်းရင်းသားမဆို အဓိက မိမိဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ စီးပွါးရေး၊ စည်းလုံးညီညွတ်ရေးအားလုံး အိုကေအောင် အသင့်ပြင်ထားရမှာဖြစ်တယ်။ ဒါပထမဆုံးအဆင့်လုပ်ရမယ့်အလုပ် ပါ။ သူများကိုအားကိုးမျှော်လင့်လို့ မရနိုင်ပါဘူးလို့ ကျနော်တို့မြင်ပါတယ်။"

ထောင်ကျသျှမ်းခေါင်းဆောင်တွေရဲ့ ကျန်းမာရေးအခြေအနေကော။

"ဥက္ကဋ္ဌကြီးကတော့ ဆေးသောက်နေရတုန်းပါဘဲ။ သူ့မှာနှလုံးရောဂါအပြင်ဆီးကျိတ်ယောင်ရောဂါ၊ နားအာရုံကြောအားနည်း ရောဂါတွေဖြစ်နေတယ်။ အခုမိုးတွင်းရောက်တော့ ချော်လဲမှာစိုးလို့အပြင်ထွက်လမ်းမလျှောက်ရဲဘူး။ ဆိုးကျိုးကတော့ သွေးတိုးချင်တယ်။ ဆိုတော့အဲဒါတွေအတွက် ဆေးကတော့အမြဲတမ်းဆောင်ထားရတယ်။ အသည်းအသန်ကြီးတော့ မဟုတ်ပါဘူး။ အသည်းအသန်ဖြစ်နေတာကတော့ စိုင်းမျိုးဝင်းထွန်းပေ့ါ။ သူ့မှာနှလုံးရောဂါရှိတော့ အသက်ရှူကျပ်တယ်။ တခါတလေ သွေးကချက်ချင်းဆိုသလိုတက်လာပြီးတော့ ရုပ်ချည်းလဲပြန်ကျသွားတတ်တယ်။ နေရထိုင်ရတော်တော်ခက်ခဲတယ်လို့မကြာသေးခင်က ထောင်ဝင်စာသွားတွေ့လာတဲ့ သူ့ညီမ ပြောပြချက်အရသိရတယ်။"

ဗိုလ်ချုပ်ဆေထဲန့်ကို ထောင်ပြောင်းလိုက်တယ်ကြားတယ်။ ဒါနဲ့ပါတ်သက်ပြီးတော့ ဘယ်လိုသတင်းတွေကြားပါသလဲ။

"ဒီကိစ္စသူ့မိသားစုစာတင်တောင်းဆိုတာကြောင့်ဖြစ်နိုင်သ လိုအပစ်ရပ် SSA က တာဝန်ယူ စာတင်တောင်းဆိုတာလဲဖြစ်နိုင်တယ်။ နိုင်ငံရေးပါတီဖြစ်တဲ့ ဦးခွန်ထွန်းဦးတို့ စိုင်းန္ဒတ်းတို့ စိုင်းမျိုးဝင်းထွန်း စိုင်းလှအောင်တို့ကိုတော့ ကျနော်တို့ဘက်က စစ်အာဏာပိုင်တွေနဲ့ သွားရောက်ညှိနှိုင်းပြောဆိုဆွေးနွေးခြင်းမရှိတဲ့အတွက်သူတို့ကို လျှော့ပေးပြောင်းပေးဖို့မရှိဘူး ထင်ပါတယ်။"

သျှမ်းသံတော်ဆင့် 6/08/2010



ပြည်သူ့ရင်သွေး နှင့် သျှမ်းပြည်တပ်မတော်

ယခုနှစ်နွေနှောင်း မိုးဦးကာလကစပြီး သျှမ်းပြည်မှာနအဖဗမာ့တပ်မတော်အပါအဝင်၊ လက်နက်ကိုင်တပ်ဖွဲ့အားလုံး ရဲဘော်သစ်တွေစုဆောင်းလို့ သျှမ်းပြည်သား လူငယ်တွေအများအပြားထိုင်းထဲကို ထွက်ပြေးတိမ်းရှောင်ခဲ့ပါတယ်။တချို့ကသျှမ်းပြည်တပ်မတော်စစ်သားသစ်ကောက်လို့ထွက်ပြေးရတယ်လို့ပြောဆိုကြသလို တချို့ကလဲ ပြည်သူ့စစ်၊ နယ်စပ်ကာကွယ်ရေး၊ နအဖစစ်သားမလုပ်လိုလို့ ထွက်ပြေးကြတယ်လို့ ပြောတဲ့သူတွေလဲရှိပါတယ်။ သျှမ်းပြည်တပ်မတော်မှာဘာလို့တပ်သားသစ်စုဆောင်းရလဲ၊ ပြည်သူတွေ ဘာဖြစ်လို့ထွက်ပြေးကြသလဲ၊ သျှမ်းပြည်တပ်မတော်ပြောခွင့်ရပုဂ္ဂိုလ်ဗိုလ်မှူးလောဝ်ဆိုင်နဲ့ ဆက်သွယ်မေးမြန်းထားပါတယ်။

သျှမ်းပြည်တပ်မတော်အနေနဲ့
တစ်နှစ်မှာဘယ်နှစ်ကြိမ်တပ်သားကောက်ယူပါသလဲ?

"ဘယ်နှစ်ကြိမ်ဆိုတာမသတ်မှတ်ပါဘူး။ ကျနော်တို့ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီရဲ့ပေါ်လစီအရ သျှမ်းပြည်တွင်းမှာနေထိုင်တဲ့အသက် ၁၈ နှစ်နဲ့ ၄၅ နှစ်ကြားအမျိုးသားတိုင်းစစ်မှုမထမ်းမနေရစနစ်အရစစ်မှုမထမ်းရသေးတဲ့ လူကိုစာရင်းကောက်ယူပါတယ်။"

Photo : SSA

SSA ၏ရဲဘော်သစ်သင်တန်း

ဘာဖြစ်လို့စစ်သားကောက်ယူစုဆောင်းရသလဲဆိုတာ
လဲရှင်းပြပေးပါဦးခင်ဗျ?

"သျှမ်းပြည်ကိုယ်စားလှယ်တွေရယ်၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီရဲ့အတိုင်ပင်ခံပညာရှင်တွေရယ်။ သံဃာတော်တွေရယ်ဆွေးနွေးတိုင်ပင်ပြီး သျှမ်းပြည်တပ်မတော်ရှိမှ သျှမ်းပြည်သားတွေရဲ့အခွင့်အရေး တောင်းဆိုနိုင်မယ်ဆိုတာကြောင့် အသက် ၁၈ နှစ်နဲ့ ၄၅ နှစ်ကြားအမျိုးသားတိုင်း စစ်သားကောက်ယူစုဆောင်းရတာဖြစ်ပါတယ်။"

တပ်သားသစ်တစ်ယောက်ကို ဘာအရည်အချင်းကြည့်ပြီးကောက်ယူစုဆောင်းပါသလဲခင်ဗျ?

"ပြည်တွင်းအုပ်ချုပ်ရေးအဖွဲ့က သန်းခေါင်စာရင်းကောက်ပြီးမိသားတစုမှာ သားသမီးဘယ်နှစ်ယောက်ရှိလဲ ဆန်းစစ်တယ်၊ ၁၈ နှစ်ပြည့်ပြီးတဲ့ တစ်ဦးတည်းသောသား မဟုတ်ရင်စစ်မှုထမ်းသင့်တယ်လို့ သတ်မှတ်ပြီးကောက်ယူတာ ဖြစ်ပါတယ်။"

သျှမ်းပြည်မှာအခြားတိုင်းရင်းသားတွေ အခြားအဖွဲ့အစည်းတွေလဲရှိနေပြန်တော့ ရဲဘော်သစ်ရဖို့အပြိုင်အဆိုင်ကောက်ယူမှုတွေကနေတိုက်ပွဲဖြစ်ရတာမျိုးရှိခဲ့ဖူးလားခင်ဗျ?

"ဒါကတော့ – ကျနော်တို့ ထိန်းချုပ်နယ်မြေထဲကဘဲ ကောက်ယူတဲ့အတွက် တခြားအဖွဲ့တွေနဲ့လုယက်ကောက်ယူတာမျိုးမရှိခဲ့ဖူးပါဘူး။"

ဧပြီလကစပြီးခုထိ သျှမ်းပြည်ထဲမှာ SSA ရော နအဖရောစစ်သားတွေကောက်ယူမှုကြောင့် ထိုင်းထဲကိုထွက်ပြေးသူတွေများတယ်လို့ သတင်းတွေကြားရပါတယ်?

"သျှမ်းပြည်တပ်မတော်အနေနဲ့ စစ်သားကောက်ယူတာဟာခေတ်အဆက်ဆက်ကဖြစ်ပါတယ်။ ဟိုးအရင်တုန်းက သျှမ်းပြည်သားတွေကို နအဖစစ်သားကောက်တယ်ဆိုတာမကြားဖူးခဲ့ပါဘူး။ ရှိလဲတစိတ်တဒေသပေ့ါ၊အဲ့ချိန်တုန်းက SSA ကစစ်သားကောက်လို့ထွက်ပြေးတယ်ဆိုတာလဲ မရှိခဲ့ဖူးပါဘူး။ အခုနအဖက ကျယ်ကျယ်ပြန့်ပြန့်စစ်သားတွေကောက်ယူစုဆောင်းလာမှ ထွက်ပြေးကြတယ်ဆိုတော့ကျနော်တို့ကြောင့်ထွက်ပြေးတာ မဖြစ်နိုင်ပါဘူး"

စစ်သားသစ်ကောက်ယူရေးနဲ့ပါတ်သက်တဲ့ အချက်အလက်တွေကိုရော ကျေးလက်လူထုထံချပြပါရဲ့လားခင်ဗျ?

"ကျနော်တို့ပြည်တွင်းအုပ်ချုပ်ရေးအဖွဲ့ကရော၊ မျိုးချစ်ပုဂ္ဂိုလ်တွေ၊ သံဃာတော်တွေပါမကျန် ရောက်တဲ့နေရာအရပ်မှာ စစ်မှုထမ်းရေးနဲ့ပါတ်သက်တဲ့အချက်အလက်တွေကို ပြည်သူတွေကိုရှင်းပြတယ်။ စစ်မှုထမ်းဖို့လဲ နိုးဆော်ပါတယ်။"

ပညာတတ်လူငယ်တွေ မေးလေ့ရှိတဲ့မေးခွန်းတစ်ခုရှိပါတယ်။ အထက်တန်း (၁၀ တန်း) အောင်တဲ့လူငယ်တွေကို တချို့အဖွဲ့အစည်းက ဗိုလ်သင်တန်းဆိုပြီး ခေါ်လေ့ရှိပါတယ်။ RCSS မှာရော သျှမ်းပြည်သားပညာတတ် လူငယ်တွေကို အဲလိုပြုစုပျိုးထောင်တာရှိလားခင်ဗျ?

"ကျနော်တို့ မူဝါဒအရအသက် ၁၈ နှစ်နဲ့ ၄၅ နှစ်ကြား စစ်မှုမထမ်းရသေးတဲ့လူတွေကို အရင်ကောက်ပါတယ်။ အခြေခံစစ်သင်တန်းကပြီးရင် အဲ့ထဲကအရည်အချင်းရှိတဲ့လူတွေကိုထပ်ပြီးရွေးချယ်ပါတယ်။

အရည်အချင်းအလိုက် ရာထူးရာခံတွေတိုးမြှင့်ပေးသွားပါတယ်။ ခေတ်အဆက်ဆက်ကျင့်သုံးလာတဲ့စနစ်ပါ၊ ခုချိန်ထိလဲ ကျနော်တို့ကျင့်သုံးနေဆဲဖြစ်ပါတယ်။''

သျှမ်းပြည်တပ်မတော်

မကြာသေးခင်က ထိုင်းကိုထွက်ပြေးတဲ့သျှမ်းပြည်သား တယောက်ကို ကျနော်စကားပြောဖြစ်တယ်။ သူက သျှမ်းပြည်မှာ လူတွေပြောနေကြတာက သျှမ်းစစ်တပ်ဟာ ဗမာစစ်တပ်ကို အကြိုပ်အနယ်တိုက်ခိုက်တာသိပ်မရှိဘူး၊ ခေါင်းဆောင်ပိုင်းကလဲ ကြီးပွါးချမ်းသာလာရင်လက်အောက်ငယ်သားတွေကို မကြည့်ရှု မဖေးမ တော့ဘူးလို့ပြောတယ်။ ဒီကိစ္စနဲ့ပါတ်သက်ပြီး ဘယ်လိုတုန့်ပြန်ပြောဆိုချင်ပါသလဲခင်ဗျ?

''ဟုတ်တယ်၊ ကျနော်တို့သျှမ်းတော်လှန်ရေးသမိုင်းကိုကြည့်ရင် အဲလိုဖြစ်ဖူးတယ်။ ဒီအချက်ကိုမြင်တဲ့ ပညာတတ်လူငယ်တွေကို ကျနော်တို့ဖိတ်ခေါ်တယ်။ ရှေ့ဆက်ဒီကိစ္စတွေ ထပ်မဖြစ်ပေါ်ဖို့ ပညာတတ်လူငယ်တွေစစ်မှုထမ်းကြပါ။ လာရောက်ပြုပြင်ပေးကြပါ။ သျှမ်းပြည်သားတွေရဲ့တန်းတူအခွင့်အရေးရရှိရေးအတွက် စစ်မှုထမ်းခြင်း ဟာ လူတိုင်းရဲ့တာဝန်ဖြစ်ပါတယ်။''

ရဲဘော်သစ်စုဆောင်းလာတာ သျှမ်းပြည်တော်လှန်ရေးသမိုင်းမှာနှစ် ၅၀ ကျော်ပါပြီ၊အောင်မြင်မှု မတွေ့ရသေးပါဘူး။ အဲဒါ ဘာ့ကြောင့်လဲ ခင်ဗျ?

''အလွန်မေးသင့်တဲ့မေးခွန်းဖြစ်ပါတယ်။ တော်လှန်ရေးခရီးမအောင်မြင်ရတဲ့ကိစ္စက ကျနော်တို့ရဲ့ရှမ်းပြည်ခေါင်းဆောင်တွေ စည်းလုံးညီညွတ်မှုအားနည်းတဲ့အပြင် ပြည်သူလူထုရဲ့ဆန္ဒသုံးသပ်ချက်၊ ထင်မြင်ယူဆချက်ကို လက်မခံဘဲ မိမိထင်ရာစိုင်းလုပ်ခဲ့ကြတဲ့အတွက်ကြောင့်ဘဲဖြစ်တယ်။ အဓိကကတော့ ခေါင်းဆောင်တွေဟာအမျိုးသားရေးကိုတကယ်မလုပ်ဘဲနဲ့ မိမိရဲ့ပုဂ္ဂလိကကိုယ်ကျိုးစီးပွါးရေးကို ရှေ့တန်းတင်အလေးထားတဲ့အတွက်ကြောင့်ဖြစ်တယ်။ ဒါကြောင့် အဖွဲ့အစည်းတွေ ပျက်စီးလိုက်ပြန်လည်ထူထောင်လိုက်နဲ့ပန်းတိုင်ကို မရောက်နိုင်တာဖြစ်ပါတယ်။ နောက်တခုကသျှမ်းပြည်သားပညာတတ်လူငယ်တွေ ထဲထဲဝင်ဝင် ဝင်ရောက်တာဝန်ယူမှုမရှိတာလဲ ပါပါတယ်။''

သျှမ်းသံတော်ဆင့် 13/08/2010

နိုင်ငံရေးပြဿနာ မဖြေရှင်းဘဲ လက်နက်မစွန့်နိုင်

နိုင်ငံရေးနည်းအရ ပြဿနာဖြေရှင်းပြီးမှသာ နောက်ဆက်တွဲပြဿနာဖြစ်တဲ့ တပ်ကိစ္စကို ဖြေရှင်းလို့ရမယ်လို့ ကျနော်တို့သဘောထားရှိတယ်။ အခုဖြစ်နေတဲ့ကိစ္စက အပေါ်ယံကြည့်ရင် တပ်ကိစ္စချည်းပဲ၊ တပ်ပြဿနာချည်းပဲလို့ ထင်နေရပေမယ့် နှစ်ပေါင်းရှည်ကြာလာပြီဖြစ်တဲ့ ပြည်တွင်းစစ်က နိုင်ငံရေးအပေါ်မှာအခြေခံတယ်။ တိုင်းရင်းသားတွေရဲ့အခွင့်အရေးပေါ်မှာအခြေခံတယ်။ ဒါကိုဘာမှမဖြေရှင်းဘဲနဲ့ လက်နက်စွန့်ခိုင်းမယ်ဆိုရင်တော့ တခြားအဖွဲ့တွေလဲလက်မခံနိုင်ကြဘူး။ ကျနော်တို့ပြည်သူတွေလဲ လက်မခံနိုင်ကြဘူး။

နိုင်ဟံသာ
အထွေထွေ အတွင်းရေးမှူး မွန်ပြည်သစ်ပါတီ
DVB **နှင့် အင်တာဗျူး**

တရားမျှတဖို့ရာမမြင်

လန်ဒန်အခြေစိုက် ပညာရှင်အဖွဲ့တဖွဲ့ဖြစ်တဲ့ Economist Intelligence Unit က မြန်မာနိုင်ငံမှာကျင်းပမယ့် ရွေးကောက်ပွဲဟာ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ရာ ဘယ်လိုမှမဖြစ်နိုင်ဘူးလို့ ဆိုလိုက်ပါတယ်။ ဝန်ကြီးချုပ်သိန်းစိန် ဦးဆောင်တဲ့ ကြံ့ဖွတ်ပါတီဖွဲ့တာဟာ အနာဂတ်အစိုးရမှာ စစ်တပ်နဲ့စစ်တပ်လိုလားတဲ့ပါတီတွေ အခိုင်အမာပါဝင်နိုင်အောင်လုပ်ဆောင်တာဘဲဖြစ်တယ်လို့ဆိုပါတယ်။ ဒီပုံအတိုင်းဆိုရင် ရွေးကောက်ပွဲပြီးတဲ့ အခါ စီးပွါးရေးကျပ်တည်းမှုဖိအားတွေရှိနေမှာဖြစ်ပြီး လူထုရဲ့ဖိဆန်မှုတွေ လည်းရှိနေဦးမှာဖြစ်တယ်လို့ ခန့်မှန်းပြောဆိုထားပါတယ်။

Irrawaddy - 25/8/2010



စစ်သားတစ်ဦးက ဗိုလ်မှူးကို ပစ်သတ်

ပဲခူးတိုင်း ရွှေကျင်မြို့အခြေစိုက် အမှတ် ၅၇ ခြေလျင်တပ်ရင်းက ဗိုလ်မှူးညီညီလွင်ကိုသူ့တပည့်တပ်သားက ဩဂုတ်စ် ၂၄ ရက် မနက် ၁ နာရီခန့်မှ သေနတ်နဲ့ပစ်သတ်ခဲ့ပါတယ်။ အောက်ခြေတပ်သားတွေကိုရိက္ခာ ပိုပေးဖို့တင်ပြရာမှာ အဲဒီဗိုလ်မှူးကသူ့ကိုပါးရိုက်ခဲ့တဲ့ နောက်ဒီလိုပစ်ခတ်ခဲ့တာလို့ဆိုပါတယ်။ ရွှေကျင်ရေအားလျှပ်စစ် စက်ရုံနားက ကုန်းပေါ်မှာ စ်ခတ်ခဲ့တာဖြစ်ပြီး အချက်ပေါင်းများစွာပစ်ခတ်ခဲ့တဲ့ အတွက် ရင်အုံတခုလုံးပွင့်ထွက်သေဆုံးသွားပါတယ်။ ဩဂုတ်စ် ၂၅ ရက်က သူ့ကိုသင်္ဂြိုဟ်ခဲ့ပါတယ်။ ပစ်ခတ်တဲ့ရဲဘော်ကတော့ သေနတ်နှစ်လက်နဲ့အတူ ထွက်ပြေး သွားတယ်လို့ဆိုပါတယ်။ ဗိုလ်မှူးညီညီလွင်ဟာ ဒေသခံပြည်သူတွေကို သူပုန်နဲ့ဆက်သွယ်တယ်လို့ စွပ်စွဲဖမ်းဆီးငွေညှစ်လေ့ရှိတာကြောင့် သူ့ကိုမလိုလားကြဘူးလို့ အဲဒီမြို့ခံကဘဲပြောပါတယ်။

DVB - 26/8/2010

ကျုပ်နဲ့မတူ ကျုပ်ရန်သူ

၂၀၀၈ ဖွဲ့စည်းပုံပြင်လိုသူ၊
၂၀၁၀ ရွေးကောက်ပွဲဆန့်ကျင်သူမှန်ရင်
ဆူပူနှောက်ယှက်သူ၊ အရေးသုံးပါး ဖျက်ဆီးသူချည်းပဲ

ပြည်သူ့ကတ္တာနဲ့ ၂၀၁၀ ရွေးကောက်ပွဲ

အခုတလော နိုင်ငံရေးသမားတွေရဲ့နှုတ်ဖျားမှာရေပန်းစားနေတာကတော့ ၂၀၁၀ ရွေးကောက်ပွဲကိစ္စနဲ့အပစ်ရပ်တပ်ဖွဲ့တွေကို ပြည်သူ့စစ်/နယ်ခြားစောင့်တပ်အသွင်ပြောင်းဖို့ နအဖစစ်အစိုးရက ဖိအားပေးနေတဲ့ကိစ္စတွေပါဘဲ။ အဲဒီ ၂ ရပ်ထဲမှာ ရွေးကောက်ပွဲကိစ္စကဖြင့် ပြည်သူလူထုနဲ့ တိုက်ရိုက်ပါတ်သက်နေပါတယ်။

မိမိစိတ်ကြိုက်ရေးဆွဲထားတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို တော့ စစ်အုပ်စုကိုယ်တိုင် ၂၀၀၈ မှာအတည်ပြုခဲ့ပါပြီ။ ရွေးကောက်ပွဲကျင်းပမယ့်ရက်ကိုလဲတရားဝင်ကြေငြာလိုက်ပါပြီ။ ဒ့ါအပြင် ရွေးကောက်ပွဲဥပဒေနဲ့စည်းမျဉ်းစည်းကမ်းတွေလဲ လူထုရဲ့ထင်မြင်သုံးသပ်ချက် တခွန်းတပါဒမှ မမေးဘဲနဲ့ ကြေငြာခဲ့ပါပြီ။ ရွေးကောက်ပွဲကော်မရှင်တောင်မှ ဘယ်သူ့အကြံပြုချက်မှမယူဘဲ စစ်အစိုးရကိုယ်တိုင် ရွေးချယ်တင်မြှောက်လိုက်ပြီဖြစ်ပါတယ်။

ဒီအချက်တွေအပေါ် အခြခံပြီး မေးခွန်းတွေရှိလာပါတယ်။

- ❑ **နိုင်ငံရေးပါတီထောင်ပြီး ရွေးကောက်ပွဲဝင်သင့်သလား၊**
- ❑ **လူထုကကော မဲဆန္ဒသွားထည့်ဝင်သင့်သလား၊ မဲမထည့်ရင် ရမလား၊ ထည့်ရင်ကော ဘယ်သူ့ကို ထည့်ပေးရမလဲ–**
  စသဖြင့်ဖြစ်ပါတယ်။

စာရေးသူလက်လှမ်းမှီလေ့လာမိသမျှ စာဖတ်သူတွေကိုချပြချင်ပါတယ်။ မိမိဘာသာ စဉ်းစားဆုံးဖြတ်စေချင်ပါတယ်။

ပထမဆုံးစဉ်းစားရမှာက ၂၀၀၈ က မိမိဘာသာ စစ်အုပ်စု အတည်ပြုလိုက်တဲ့ဖွဲ့စည်းပုံဟာ ဘယ်သူ့အတွက်လဲဆိုတာပါဘဲ။

မိမိနဲ့အနီးစပ်ဆုံးအဆင့်ကနေ စ စဉ်းစားသင့်ပါတယ်။ အိမ်ထောင်သည်လင်မယားမှာ ခင်ပွန်းဝတ္တရား၊ မယားဝတ္တရားဆိုတာ သိနားလည်ပြီး ယောက်ကျားတာဝန်၊ မိန်းမတာဝန် အချင်းချင်းချပြကြရမှာဖြစ်ပါတယ်။ ဒါမှအိမ်ထောင်ရေးပြေလည် တည်မြဲမှာဖြစ်ပါတယ်။

ထို့အတူလူဦးရေသန်း ၅၀ ကျော်တဲ့မြန်မာပြည်မှာ အေးချမ်းသာယာစွာနေလိုရင် စစ်အစိုးရရေးဆွဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဘာတွေပါရှိသလဲဆိုတာ လူတိုင်းသိရမှာဖြစ်ပါတယ်။

၁၉၉၀ ရွေးကောက်ပွဲတုန်းက စစ်အုပ်စုဖက်ရှုံးနိမ့်သွားပြီးနောက် ဖွဲ့စည်းပုံဥပဒေရေးဆွဲဖို့ လူထုကိုယ်စားလှယ်တွေရဲ့တာဝန်လို့ ကြေငြာပြီးခါမှ ဘာမှလုပ်ပိုင်ခွင့်မပေးဘူး။ သို့ပေမယ့် ဖွဲ့စည်းပုံရေးဆွဲဖို့ (၁၉၉၃–၂၀၀၇) အမျိုးသားညီလာခံမှာတော့ လူထုကိုယ်စားလှယ်လက်တဆုပ်စာမျှသာရှိပြီး ကျန်တာတွေဟာ စစ်အုပ်ခေါင်းခေါက်ရွေးချယ်တဲ့လူတွေဖြစ်ပါတယ်။

လူထုအတွက်ဖွဲ့စည်းပုံရေးဆွဲတယ်ဆိုပေမယ့် တကယ်တမ်း

တော့ လူထုအတွက် တခုမှမပါပါဘူး။ ညီလာခံပြင်ပမှာတောင် ဖွဲ့စည်းပုံအကြောင်း ပြောခွင့်မရခဲ့ပါဘူး။ ပြောခဲ့ရင်ဖမ်းဆီး ထောင်ချခံရတဲ့အထိ ရှိခဲ့ဖူးပါတယ်။

ညီလာခံမှာလဲအပစ်ရပ်တွေက ပြည်နယ်တွေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသင့်တဲ့အကြောင်း တင်ပြတာတွေလဲ လက်ခံဖို့မဆိုထားနဲ့– အဲ့အကြောင်းတွေ တောင်လုံးဝမဆွေးနွေးခွင့်မပေးပါဘူး။

ဖွဲ့စည်းပုံရေးဆွဲတဲ့အဖွဲ့ကလဲ ဘယ်သူ့အကြံဉာဏ်ဝေဖန်ချက်မှမယူဘဲ ရေးဆွဲလာခဲ့တာဖြစ်ပါတယ်။ ရေးဆွဲပြီးတဲ့နောက်ပိုင်း ကိုယ့်ဟာကိုယ် အတည်ပြုခဲ့ကြတာပါ။

အဲ့ထဲက အဓိက အချက် ၆ ချက်ထဲမှာ နံပါတ် ၆ အချက်ဖြစ်တဲ့ နိုင်ငံရေးကိုစစ်တပ်ကဦးဆောင်ရမယ်ဆိုတဲ့အချက်ကိုကြည့်ခြင်းအားဖြင့် ဖွဲ့စည်းပုံဟာ ဘယ်သူ့အတွက်လဲ၊ လူထုအတွက်လားဆိုတာ လုံးဝသိနိုင်ပါတယ်။

အဲဒီအချက်ထဲမှာ–

- ❑ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ ပြည်နယ်လွှတ်တော်မှာ စစ်တပ်က ၂၅ ရာခိုင်နှုန်းပါဝင်မယ်၊
- ❑ သမ္မတဦးဆောင်တဲ့အစိုးရအဖွဲ့မှာလည်း စစ်တပ်ကစိုးမိုးနေမယ်။
- ❑ ပြည်နယ်အစိုးရနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက အစိုးရတွေမှာလဲ စစ်တပ်ကကြီးစိုးနေမယ်။
- ❑ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးတွေမှာတောင်မှ ကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီဝင် ၁၁ ယောက်ထဲမှာ ၆ ယောက်ဟာ စစ်တပ်ကဖြစ်နေပြန်တယ်။ ဒါကြောင့်အရေးအကြောင်းဖြစ်လာရင် စစ်တပ်က အနိုင်ယူတဲ့ဘက်မှာပါ။
- ❑ စစ်တပ်အချင်းချင်း မထိမ်းနိုင်မသိမ်းနိုင်ဖြစ်လာပြီး လူထုဘက်ရပ်တည်လာတာတွေရှိလာခဲ့ရင်တောင် စစ်ဦးစီးချုပ်က အာဏာသိမ်းခွင့် ရနေပါသေးတယ်။

ဒီတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ စစ်တပ်အတွက်ရေးဆွဲထားတာဖြစ်လို့ လူထုအတွက် ဒီမိုကရေစီလမ်းကြောင်းနဲ့ ပြောင်းပြန်ဖြစ်နေတာ တပ်အပ်ပြောနိုင်ပါတယ်။

နိုင်ငံရေးပါတီထောင်ပြီး ရွေးကောက်ပွဲဝင်သင့်သလား–

ဒီကိစ္စကိုရွေးကောက်ပွဲဆန့်ကျင်တဲ့ဘက်က အများကြီးရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ ရွေးကောက်ပွဲဝင်သင့်တယ်ဆိုတဲ့သူတွေဘက်က တချက်လှည့်ကြည့်စေချင်ပါတယ်။

သူတို့တွေကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အချက် ၃ ချက် အဓိကထားပြီးမြင်ပါတယ်။

(၁) Every cloud has a silver lining မိုးတိမ်တိုင်းမှာ ငွေရောင်အကွပ်လေးရှိတယ်။
(၂) အခွင့်ကောင်းအခါကောင်းစောင့်နေစရာမလိုပါဘူး။ ဘယ်ချိန်မဆို မီးစင်ကြည့်ကတတ်ရမယ်။
(၃) အောင်မြင်မှုဆိုတာ ရန်သူစီမံတဲ့အကွက်ထဲကနေအခြေအနေကြည့်ပြီးဖန်တီးအောင်မြင် လာတာကိုပြောတာ။

ရှမ်းပြည် မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးရဲ့သတိပေးချက်ကတော့ –

- ◆ ရွေးကောက်ပွဲဝင်သင့်မဝင်သင့်ကိစ္စ စဉ်းစားရင်ပထမဦးစွာ အမျိုးသားအချင်းချင်း ပွင့်လင်းနားလည်မှုရှိဖို့ စဉ်းစားရမှာပါ။
- ◆ အတိုင်အဖောက်ညီတဲ့၊ အပြန်အလှန်ထောက်ကူ ပံ့ပိုးယိုင်း ပင်းမှုရှိတဲ့နေရာမှာ မူဆလင်တွေကိုအတုယူသင့်ပါတယ်။ အရေးကြီးရင် သွေးနီးကြတယ်။

လူထုကကော မဲဆန္ဒသွားထည့်ဝင်သင့်သလား–

ဥပဒေပညာရှင် ပအိုဝ်းအမျိုးသားခေါင်းဆောင် ခွန်ဥက္ကာ က ကမ္ဘာနဲ့ အဝှမ်းကျင့်သုံးနေတဲ့ လုပ်ထုံးလုပ်နည်းစည်းမျဉ်းစည်းကမ်းတွေနဲ့ကိုက်ညီသလားဆိုတာကြည့်ရပါမယ်– တဲ့။

(၁) လွတ်လပ်စွာ မဲထည့်ခွင့်ရှိသလား၊
(၂) ဘက်လိုက်မှုမရှိ– တရားမျှတပါရဲ့လား၊
(၃) မိမိတစ်ယောက်ထဲ မဲထဲ့ခွင့်ရပါရဲ့လား၊
(၄) လျှို့ဝှက်မဲပေးစနစ်လား၊
(၅) တပြည်လုံးတရက်ထဲတချိန်ထဲမှာ တပြိုင်ထဲကျင်းပရဲ့လား၊ အထက်ပါအချက် ၅ ချက်နဲ့ကိုက်ညီမှ မဲထည့်သင့်ပါတယ်–တဲ့။

ရွေးကောက်ပွဲကိုဆန့်ကျင်တဲ့သူတွေ ကတော့–

(၁) မဲရုံကိုလုံးဝ မသွားသင့်ဘူး၊
(၂) မတတ်သာတဲ့အဆုံး သွားခဲ့ရရင်တောင်မှ ဘယ်သူ့ကိုမှ ထောက်ခံမဲမထဲ့နဲ့၊
(၃) မဲမထည့်လို့မရဘူးဆိုတဲ့အခါကျမှ – စစ်အုပ်စုကျောထောက်နောက်ခံပြုထားတဲ့ပါတီမဟုတ်တဲ့ လူထုကိုယ်စားပြု ပါတီကို ထောက်ခံပါ–လို့ သတိပေးနှိုးဆော် ထားပါတယ်။

စိုင်းခင်းဆာယီ၏ ဆောင်းပါးကို ဘာသာပြန်ဆိုသည်
သျှမ်းသံတော်ဆင့် 23/07/2010

စာမျက်နှာ 29 မှ

ဆန်ဆိုင်း (က) ဥက္ကဋ္ဌဦးစံငွေသည် မော်ဘီသားဖြစ်ပြီး မိုင်းကိုင်၌ ၁၀ နှစ်ခန့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ခဲ့ဖူးသည်။ ပါလျှောကျေးရွာအုပ်စု နမ့်ကိုင်းရွာသူနန်းကောင်နှင့်အိမ်ထောင်ကျကာ တာချီလိတ်သို့ပြောင်းရွှေ့နေထိုင်သည်။ ရပ်ကွက်ဥက္ကဋ္ဌတာဝန်ယူပြီးနောက် ထိုင်းနိုင်ငံဘက်ခြမ်း မယ်ဆိုင်ဘဏ်တွင် ဇနီးအမည်ဖြင့် ဘတ်သန်း ၃၀အပ်နှံထားသည်။ ၎င်းတွင်ဘတ် ၃ သန်းတန် အိမ်တလုံး၊ ဒိုင်နာကား ၁ စီး၊ Mark II ဆလွန်းကား ၁ စီးနှင့်ဆိုင်ကယ် ၃စီးပိုင်ဆိုင်သည်။ ဒေသခံအာဏာပိုင်များနှင့်ရင်းနှီးဝင်ဆန့်၍ လာဘ်ထိုးခွဲ့ကျွေးနိုင်သူတစ်ဦးဖြစ်သည်။

မွေခေါင် 12/ 08/ 2010

အရေးကြီးလျှင်သေနတ်မည်

DVB 11/08/2010

“နယ်ခြားစောင့်တပ်လုပ်တာက ကိုယ်ကျိုးအတွက်ဘဲကြည့် တာ၊ဘာသာသာသနာအကျိုး ဘာမှမဖြစ်ဘူး။ ပြည်သူလူထုအကျိုး ဘာမှလွတ်လွတ်လပ်လပ်မရှိဘူး။ ကိုယ်ကျိုးအတွက်တော့ကောင်း တာပေ့ါ။ကျနော်တို့ကအမျိုးဘာသာသာသနာအကျိုးလုပ်တဲ့အတွက် ကြောင့်ပြည်သူလူထုရဲ့အကျိုး၊ ကိုယ့်ဟာကိုပြည်သူ့တပ်မတော်ဘဲ၊ ပြည်သူကပေါက်ဖွားလာတဲ့တပ်မတော်၊ အခုဒီအခြေအနေအတိုင်း လုပ်ရင်တော့ကိုယ်ကျိုးအတွက်ဘဲရမယ်။ ဒီဘဝမှာ ကျနော်မျှော်လင့် ထားတာကအများအကျိုးအတွက်လုပ်ဆောင်သွားမယ်။ အများ အကျိုးဆိုတော့ ဆင်းရဲဒုက္ခတွေလုပ်ပိုင်ခွင့်တွေ လွတ်လပ်ခွင့်တွေအား လုံးပေ့ါ”

Photo : kyokorea.blogspot.com

ဗိုလ်မှူးကြီး စောလဘွယ်

“နယ်ခြားစောင့်တပ်လက်ခံထားတဲ့လူတွေက ကိုယ်ကျိုးအတွက်လုပ်တဲ့လူတွေ။ သူတို့ပစ္စည်းဥစ္စာတွေ၊ ပိုင်ဆိုင်မှုတွေများလို့ သူတို့လက်ခံတာပါ။ သူတို့က ရွှေတွေမက်မော၊ ငွေတွေမက်မောလို့ အခွင့်အရေးတွေ ကိုယ်ကျိုးအတွက်ကြည့်ပြီးလက်ခံရတာ။”

“နယ်ခြားစောင့်တပ်ဖွဲ့ဖို့ လက်မှတ်ထိုးထားတဲ့လူတွေက ဒီကေဘီအေမဟုတ်တော့ဘူး။ နယ်ခြားစောင့်တပ်ဖြစ်သွားပြီ သူများ ခိုင်းသလိုလုပ် ကိုယ်ပိုင်လုပ်ပိုင်ခွင့်မရှိတော့ဘူး။ ကိုယ်ကျိုးအတွက်တော့ ကောင်းတာပေ့ါ။ အများအကျိုးအတွက် လုပ်ပိုင်ခွင့် ဘာမှမရှိတော့ဘူး”

“ဒီကေဘီအေကနယ်ခြားစောင့်တပ် လက်ခံလိုက်ပြီးတဲ့ နောက် ဒီကေဘီအေအလံတွေ ကရင်အလံတွေချပြီး ဗမာစစ်တပ် အလံအစားထိုးတင်ထားရတယ်။ အများကြီးဘဲ ၉၉ ဂိတ်တို့ ဘာတို့ ပေ့ါ။ ရှိတဲ့ဂိတ်အားလုံးမှာ။ မူလအလံတွေ အမျိုးသားအလံကော ဘာသာသာသနာအလံကော အားလုံးချထားလိုက်တယ်။ ခလေးက အစ သိပါတယ်။ ဘယ်လောက်လွတ်လပ်ခွင့် လုပ်ပိုင်ခွင့်ရှိတယ်ဆိုတာ အဲဒီမှာဘဲကြည့်ပေ့ါ။”

“ ကျနော်တို့အရင်မတိုက်ပါဘူး၊ ကျနော်တို့ ပြန်ချင့်ချိန် တယ်။ ဆရာတော်က သတ္တဝါအားလုံးကို မေတ္တာပို့ပါတယ်။ ကျနော် တို့ တိုက်ရင်လွယ်လွယ်လေးဘဲ။ လာမယ်ဆိုရင် ဘယ်တတ်နိုင်မလဲ၊ ကျနော်တို့ သေမှာမကြောက်ပါဘူး။ ကျနော်တို့ကြောက်တာက ပြည် သူလူထုဆင်းရဲဒုက္ခ လုပ်ပိုင်ခွင့်လွတ်လပ်ခွင့်တွေ ဆုံးရှုံးမှာဘဲကြောက် တယ်။ ဒီနယ်ခြားမှာ ကျနော့်တို့ဆီ လာနေတဲ့ ပြည်သူလူထုကအများ ဆုံးမြို့ပေါ်ကလူတွေကြီးဘဲ။ သူတို့ ခံစားနေရပြီးသားဆိုတော့ သူတို့ ကျနော့်ကိုလက်မခံရင် ကျနော်လဲပြောထားတာဘဲ။ နင်တို့မနှမြော တော့ဘူးလား၊ အိမ်၊ ခြံကားတွေ ပိုင်ဆိုင်မှုတွေဆိုတော့ သူတို့က နယ်ခြားစောင့်တပ် မလုပ်ဖို့ဘဲ။ ပြည်သူလူထု ထောက်ခံရင်ဘယ် တော့မှမဆင်းရဲဘူး”

တိုးတက်သော ဗုဒ္ဓကရင်အမျိုးသားတပ်မတော်
တပ်မဟာ ၅ တပ်မှူး
ဗိုလ်မှူးကြီး စောလဘွယ် (ခေါ်) နှုတ်ခမ်းမွှေး

နအဖ ကိုယ်ပွါးကြံ့ဖွတ်

၈၁ မျက်နှာရှိကြံ့ဖွတ်ခေါ် ပြည်ခိုင်ဖြိုးပါတီ USDP ၏ ဖွဲ့စည်း ပုံစည်းမျဉ်းစည်းကမ်းသည် နအဖစစ်အုပ်စု၏ ၂၀၀၈ နားဂစ်ဖွဲ့စည်းပုံ ကို ထင်ဟပ်ပြခြင်းဖြစ်၏။

- ❑ ပါတီ၏ဖွဲ့စည်းပုံသည် သမိုင်း၏ဆင့်ခေါ်မှုကြောင့် ဖြစ်ပေါ်လာကြောင်း–
- ❑ ပါတီ၏ ပထမဦးစားပေးပေါ်လစီမှာ တိုင်းပြည်၏ မည် သည့် အစိတ်အပိုင်းမဆို ပြည်ထောင်စုမှ ခွဲမထွက်ရဟူ သောအချက်ဖြစ်ကြောင်း–နအဖ၏ ၂၀၀၈ ဖွဲ့စည်းပုံ အပိုင်း ၁၀ ကိုထင်ဟပ်ပြသည်။
- ❑ ပြည်တွင်းပြည်ပရန်သူအပေါ် အောင်နိုင်ရေးအတွက် နိုင်ငံရေးစွမ်းအား၊ စီးပွါးရေးစွမ်းအားနှင့် စစ်ရေးစွမ်းအား ကို အခြေခံသည့်တပ်မတော်၏စွမ်းရည်ကိုတည်ဆောက် ရမည်–စသဖြင့် စစ်အုပ်စု၏ နျူးကယီးယား ပိုင်ဆိုင်ရေး လျှို့ဝှက်ရည်မှန်းချက်ကိုလည်း ထင်ဟပ်ပြသေးသည်။
- ❑ မီဒီယာသည် စစ်အုပ်စု၏စတုတမဏ္ဍိုင်အဖြစ် တိုင်းပြည်ကောင်းကျိုးသယ်ပိုးရမည်ဟုဆို၏။
- ❑ လယ်သမားများအဖို့ မိမိတို့၏လယ်ယာမြေတွင် စိုက် ပျိုးပိုင်ခွင့်ရှိသော်လည်း လယ်ယာမြေပိုင်ဆိုင်ခွင့်ရှိမှုကို မှုဖော်ပြထားခြင်းမရှိပေ။

ရောဝတီ 30/7/2010

ကူခၢၼ်ႈၥ်ခၢၼ်ႉ,ဟ့ၢသူၫ်း၊ ၦခၢၼ်ႉ,ဂူခၢၼ်ႈပူၫ်းခီခၢၼ်း

လဝ်ႈဢႃႈ,ဆႄႈ,လုမ်းသိုၵ်း
တုၵ်းတိုၵ်းလုမ်းလၢဝ်းၶိုဝ်း
ၷၠိုဝ်းသိုဝ်းဖွမ်ႉၵေႈ,တင်ႈမိူင်းရှမ်ႈတုမ်–ဝႈ,

နှစ်ရှည်သေပြီး အရိပ်ပင်၊ ပြန်ရှင်ရိုးမရှိ
ပြည်ထောင်စုတည်ဆောက်ရန်
ဘိမန္တ ကပြု
လူမျိုးစုများပါဝင်ကြ–တဲ့

Supported by a grant from Foundation Open Society Institute (Zug)
OPEN SOCIETY INSTITUTE
& Soros Foundations Network